# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 15, 2019 Volume 25, Number 9


**၁၅.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၃၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇/- ကျပ် |
| CBM Rate | = ၁၅၁၄.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၉.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၀.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၈.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၉၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၂၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## အမေရိကန်က ကချင်ပြည်နယ်တွင် စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်မှုစနစ် ဖွံ့ဖြိုးရေးစီမံကိန်း စတင်ရန်စီစဉ်

တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်းပြဿနာများရှိနေသော ကချင်ပြည်နယ်တွင် အမေရိကန်နိုင်ငံက စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်မှု စနစ်ဖွံ့ဖြိုးရေးစီမံကိန်း စတင်ရန် ပြင်ဆင်နေသည်။ အဆိုပါ စီမံကိန်းသည် ကချင်ပြည်နယ်တွင် တိုးချဲ့ဆောင်ရွက်မည့် အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ၏ ပထမဆုံး စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်က ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ ကချင်ပြည်နယ်မှာ အားလုံးပါဝင်နိုင်တဲ့ စိုက်ပျိုးရေးကဏ္ဍ ဦးစားပေး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးဖို့ ကတိကဝတ်ပြုထားပါတယ်ဟု ၎င်းကပြောသည်။ ပုဂ္ဂလိကကဏ္ဍနှင့် တောင်သူများ စိုက်ပျိုးရေးအခြေပြု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်စေရေးနှင့် ရင်ဆိုင်နေရသော အခက်အခဲများကျော်လွှားနိုင်ရန် စိုက်ပျိုးရေးနှင့်အစားအစာထုတ်လုပ်မှုစနစ် ဖွံ့ဖြိုးရေးစီမံကိန်းကို အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီက ကူညီရန်စီစဉ်ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်မှုစနစ် ဖွံ့ဖြိုးရေးငါးနှစ်စီမံကိန်းကို ကန်ဒေါ်လာ ၃၈ သန်း ကူညီရန်စီစဉ်ထားသည်။

စီမံကိန်းမှ ဒေသခံတောင်သူများနှင့် ၎င်းတို့ လယ်ယာလုပ်ငန်းများမှ ရောင်းရငွေ ကန်ဒေါ်လာ ၄၂ သန်းခန့် တိုးတက်ရရှိရန်၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၂၀ ရရှိရန် ရည်ရွယ်ထားသည်။ ထို့အပြင် အချိန်ပြည့် အလုပ်အကိုင် ၃,၅၀၀ ခန့် ပေါ်ပေါက်မည်ဟု မျှော်မှန်းထားသည်။ အမေရိကန်၏ အကူအညီများတွင် ကျေးလက်တောင်သူများကို မျိုးစေ့ကဲ့သို့ စိုက်ပျိုးရေးသွင်းအားစုများ အလွယ်တကူဝယ်ယူ နိုင်ရန် စီစဉ်ပေးခြင်း၊ တောင်သူများ၏ ထုတ်ကုန်များကို တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်ပြီး ဝယ်လိုအား ချဲ့ထွင်ပေးခြင်းတို့ ပါဝင်သည်။ လက်ရှိတွင် ကချင်ပြည်နယ်၌ စိုက်ပျိုးရေးကဏ္ဍတွင် တရုတ်နိုင်ငံမှ စီးပွားရေးသမားများရင်းနှီးမြှုပ်နှံပြီး တစ်သျှူးငှက်ပျောစိုက်ပျိုး ထုတ်လုပ်မှုလုပ်ကိုင်နေသည်။ မြန်မာနိုင်ငံသားအမည်ခံပြီး ရင်းနှီးမြှုပ်နှံထားသော တစ်သျှူးငှက်ပျောစိုက်ခင်းများက အစိုးရစာရင်းများအရ စိုက်ဧက ခြောက်သောင်းကျော်ရှိနေသည်။ တစ်သျှူးငှက်ပျောစိုက်ခင်းများတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲမှု၊ မြေဆီလွှာပျက်စီးမှုကြောင့် ဒေသခံများက စိုက်ခင်းများကို မလိုလားပေ။ ထို့ကြောင့် ကန့်ကွက်ဆန္ဒထုတ်ဖော်မှုများရှိခဲ့သည်။

Source: https://www.7daydaily.com/–171078


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## India-ASEAN Business Summit သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ခြင်း




အိန္ဒိယနိုင်ငံရှိ PHD Chamber of Commerce and Industry (PHDCCI) အဖွဲ့အစည်း၏ စီစဉ်မှုဖြင့် India-ASEAN Business Summit ဆွေးနွေးပွဲအား နယူးဒေလီမြို့ရှိ PHD House ၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပရာ မြန်မာသံရုံး၊ နယူးဒေလီမြို့မှ သံမှူးကြီး ဦးအောင်အောင်မျိုးသိမ်း၊ စီးပွားရေးသံမှူး ဦးနေအေးလွင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ် အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Dr. Jitendra Singh တက်ရောက်လျက် အဖွင့်အမှာစကားပြော ကြားခဲ့ပြီး ကဏ္ဍအလိုက် Panel Discussions များကို အစီအစဉ် ၃ ခုဖြင့် ပြုလုပ်ရာ အိန္ဒိယ နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား သတင်းအချက်အလက်နည်းပညာ၊ အခြေခံအဆောက်အအုံ တည်ထောင်မှု၊ ကျန်းမာရေး/ ပညာရေး/ ခရီးသွားဝန်ဆောင်မှုများနှင့် စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပူးပေါင်းတိုးမြှင့်လုပ်ကိုင်နိုင်ရေး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ အိန္ဒိယစီးပွားရေးအဖွဲ့အစည်းများနှင့်ကုမ္ပဏီများမှကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲအစီအစဉ်တတိယပိုင်းဖြစ်သော Session on Healthcare & Pharmaceuticals and Agriculture & Food Processing ၌ UMFCCI ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးသန့်က Panelist အဖြစ်ပါဝင်လျက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းနယ်ပယ်၌ အိန္ဒိယကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဆေးနှင့်ဆေးပစ္စည်းများ တိုးချဲ့တင်ပို့နိုင်မည့် အလားအလာများ၊ ဆေးကုသမှုဆိုင်ရာနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပူးပေါင်းလုပ်ကိုင်နိုင်မည့် အလားအလာများ၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ၌ အိန္ဒိယနိုင်ငံသုံး ရူပီးငွေကြေးဖြင့် ငွေပေးချေမှုကို ဆောင်ရွက်ခွင့်ပြုခြင်း၊ ဘဏ်လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ခြင်းအားဖြင့် ကုန်သွယ်မှုပိုမိုလွယ်ကူရေး အိန္ဒိယဘက်မှ တိုးမြှင့်လုပ်ကိုင်စေလိုကြောင်း၊ နှစ်နိုင်ငံအကြား ဆက်သွယ်သွားလာမှု မြှင့်တင်ရန်အတွက် ဗီဇာကင်းလွတ်ခွင့်ပြုရေး ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ တိုက်ရိုက်လေကြောင်း ပျံသန်းပြေးဆွဲမှုများကိုလည်း တိုးချဲ့နိုင်ရန်လိုအပ်ကြောင်း၊ ကုန်သေတ္တာများအား တတိယကြားခံနိုင်ငံဆိပ်ကမ်းမှ တစ်ဆင့် တင်ပို့ရောင်းချမှုအစား နှစ်နိုင်ငံဆိပ်ကမ်းများအကြား တိုက်ရိုက်တင်ပို့နိုင်ရေး ဆောင် ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ဒေါက်တာမျိုးသန့်က အကြံပြု ဆွေးနွေးခဲ့ပါသည်။

အဆိုပါ Business Summit ၌ ဆွေးနွေးတင်ပြမှုများအရ အိန္ဒိယနိုင်ငံရှိ စီးပွားရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် အထူးသဖြင့် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ စီးပွားရေးအင်အားတောင့်တင်းသည့် အာဆီယံနိုင်ငံများမှ လုပ်ငန်းရှင်များနှင့် အခြေခံအဆောက်အအုံတည်ဆောက်မှု၊ သတင်းအချက်အလက်နည်းပညာ၊ E-commerce နှင့် ပညာရေးစသည့်နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်လျက် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဆက်သွယ်မှုကွန်ယက်တိုးချဲ့၍ အပြန်အလှန်ခရီးသွားလာမှုကို မြှင့်တင်လိုကြောင်း လေ့လာသိရှိရပါသည်။

**Source: မြန်မာသံရုံး၊ နယူးဒေလီမြို့**

## (၁၈) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ရွှေလီမြို့ ၊ ကျင်းရှင်းကျောက်မျက်နှင့်သစ်ယဉ်ကျေးမှုမြို့တော် ကျောက်မျက်ရတနာပြတိုက်တွင် (၁၈) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိကျင်းပမည်ဖြစ်ရာ ၄င်းပြပွဲကြီး စနစ်တကျနှင့်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကို ရန်ကုန်နှင့်နေပြည်တော် နိုဝင်ဘာလ ၁၅ ရက်နေ့ ၂၀၁၉ ခုနှစ် (သောကြာနေ့) နေ့လည် (၁၃:၀၀) နာရီတွင်ကျင်းပပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာဌာနများနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နေဉ်မူတာကပေါမှ အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရသစ်လက်ထက် နိုင်ငံ၏ကုန်သွယ်မှုပမာဏ တိုးမြှင့်စေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဖြေလျှော့ပေးသူများကို ပြုလုပ်ခဲ့သည့်အတွက် တရုတ်-မြန်မာကုန်သွယ်မှုပမာဏမှာ သိသိသာသာမြင့်တက်ခဲ့ပါကြောင်း၊ ယခုကျင်းပမည့် ကုန်စည်ပြပွဲအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ UMFCCI နှင့် ညီနောင်အသင်းများ၊ သမဝါယမဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ အဆိုပါပြပွဲအချိန်မီပြသနိုင်ရေးအတွက် ပြသမည့်ပြခန်းစာရင်း၊ လူစာရင်းများ အချိန်မီပြန်ကြားပေးရန်ဖြစ်ကြောင်းနှင့် နယ်စပ်ဖြတ်ကျော် e-commerce ဖိုရမ်ကျင်းပခြင်း၊ တရုတ်-မြန်မာ အဝတ်အထည်ထုတ်လုပ်သူ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆွေးနွေးပွဲ ၊ Belt and Road ပေါ်ပြူလာ သိပ္ပံဖလှယ်ရေးလှုပ်ရှားမှု၊ တရုတ်-မြန်မာ တိုင်းရင်းသားဝတ်စုံဖက်ရှင်ပြပွဲ၊ တရုတ်-မြန်မာကုန်သည်ကြီးများတွေ့ဆုံပွဲနှင့် တရုတ်-မြန်မာ ခရီးသွားလာရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲအစီအစဉ်များပါဝင်ကြောင်း ပြောကြားခဲ့ပါသည်။ ပြပွဲနှင့်ပတ်သက်၍ ပါဝင်ပြသသူများလိုက်နာရန် ပြပွဲဆိုင်ရာစည်းကမ်းချက်များကို မိမိတို့ဌာနမှ နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်းနှင့် အချို့ပြည်ပပွဲများတွင် ပြသသူများမှ ပြပွဲဆိုင်ရာစည်းမျည်းများကို မလိုက်နာသည့်အတွက် အရေးယူမှုများရှိခဲ့ပါကြောင်း၊ ဆက်လက်၍ ပြပွဲတွင် ပြသမည့်ပစ္စည်းများအတွက် မိမိတို့ဌာနမှ (OGL) ထုတ်ပေးမည်ဖြစ်၍ ပြသမည့်ပစ္စည်းစာရင်း ၊ ပြခန်းရယူမည့်စာရင်းများကို ၁၈-၁၁-၂၀၁၉ ရက်နေ့အရောက် ပေးပို့ကြပါရန်နှင့် မိမိတို့ဌာနမှတဆင့် တရုတ်ပြပွဲကျင်းပရေးကော်မတီသို့ အချိန်မီပေးပို့နိုင်ရေးအတွက် UMFCCI အသင်းချုပ်နှင့် အစိုးရဌာနများ၊ အသင်းအဖွဲ့များမှ မိမိတို့ဌာနသို့ အချိန်မီအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းပြောကြားခဲ့ပါသည်။

Source: Myantrade–TIR

## မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ဒေါ်လာ ၁ ဘီလီယံ ရောက်ဖို့မျှော်မှန်း

မြန်မာနိုင်ငံက နယ်စပ်ကုန်သွယ်ရေးဇုန်တွေထဲမှာ ဒုတိယအကြီးဆုံး ကုန်သွယ်မှုတွေပြုလုပ်နေတဲ့ ထိုင်းမြန်မာနယ်စပ်က မြဝတီမြို့ကို ပြီးခဲ့တဲ့တပတ်က လေ့လာရေးခရီးတခုနဲ့ရောက်ဖြစ်တဲ့အခါ လာမယ့်ဘဏ္ဍာရေးနှစ်တွေကနေ စတင်ပြီး ထိုင်းနိုင်ငံနဲ့ ကုန်သွယ်မှုပမာဏ ပိုမြင့်တက်လာတော့မယ်လို့မျှော်လင့်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနက တာဝန်ရှိသူတွေက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အောက်တိုဘာလ နောက်ဆုံးပတ်က ဖွင့်လှစ်လိုက်တဲ့ ထိုင်း-မြန်မာ ချစ်ကြည်ရေး တံတားသစ်ကြောင့် ကုန်သွယ်မှုတွေ ပိုမိုတိုးမြင့်လာမယ်လို့ နှစ်ဘက်နိုင်ငံတွေက မျှော်မှန်းထားကြပါတယ်။ ထိုင်းနိုင်ငံ မဲဆောက်မြို့နဲ့ မြန်မာနိုင်ငံက မြဝတီမြို့ကို ဆက်သွယ်ထားတဲ့ အဆိုပါတံတားသစ်ကြီးကတော့ မူလရှိတဲ့ နယ်စပ်ဖြတ်ကျော် တံတားထက်ကို ပိုမိုသာလွန် ကောင်းမွန်အောင် တည်ဆောက်ထားတာကိုတွေ့မြင်ရပြီး ကုန်သွယ်ရေးမှာလည်း စနစ်တကျဖြစ်အောင် စီစဉ်ထားတာကို မြင်ခဲ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးဆုံး နယ်စပ်ကုန်သွယ်ရေးဇုန်ဖြစ်တဲ့ မြဝတီမြို့ဟာ ထိုင်းနိုင်ငံနဲ့ကူးသန်းရောင်းဝယ်ရေးအတွက်သာမကဘဲ အာဆီယံနိုင်ငံများနဲ့ပါ ကုန်စည်ဖလှယ်ကူးသန်းနိုင်အောင် အရှေ့အနောက် စီးပွားရေးစင်္ကြံ ဒေသအဖြစ်နဲ့ မဟာဗျူဟာကျကျ စီမံဆောင်ရွက်နေတဲ့ ဒေသတခုဖြစ်ပါတယ်။ ဒီလိုဒေသတခုမှာ အဓိကအားဖြင့် ကုန်စည်များပိုမို စီးဆင်းနိုင်ဖို့ ပို့ဆောင်ဆက်သွယ်ရေးက အဓိကအခန်းကဏ္ဍကပါနေတာကြောင့် လက်ရှိနယ်စပ်ဖြတ်ကျော် တံတား တခုတည်းနဲ့တင် မလုံလောက်တော့တဲ့အတွက် တံတားသစ်တစင်း တည်ဆောက်ဖို့ ၂၀၁၅ ခုနှစ်ကတည်းက စီစဉ်ခဲ့တာပါ။ ဘတ်သန်းပေါင်း ၃၉၀၀ ကျော် တန်ဖိုးရှိတဲ့ ဒီနယ်စပ်ဖြတ်ကျော် တံတားအမှတ် ၂ က ကုန်သွယ်ရေး ပိုမိုကောင်းမွန်လာရုံတင် မဟုတ်ဘဲ၊ ခရီးသွားလုပ်ငန်းတွေကိုပါ ပိုမိုတိုးတက်လာစေမယ်လို့ နှစ်နိုင်ငံစလုံးက ယုံကြည်ထားကြပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းအဆင့်တင်မကဘဲ၊ နယ်စပ်ကုန်သွယ်ရေးဇုန်အထိပါ ကြီးထွားလာတဲ့ စီးပွားရေးဒေသ ဖြစ်တာကြောင့် အခုလိုအခြေခံကျတဲ့ အခြေခံအဆောက်အအုံတွေ ပိုတိုးတက်လာတဲ့အခါ ကုန်စည်များစီးဆင်းရေး သွက်လက်လာနိုင်တာကြောင့် အလားအလာကောင်းတွေ ပေါ်ထွက်လာပြီလို့ သုံးသပ်ကြပါတယ်။ တံတားဖွင့်တဲ့အချိန်မှာပဲ ထိုင်းနိုင်ငံအခြေစိုက် ဘန်ကောက်

ပို့စ် သတင်းစာက ရေးသားရာမှာ ထိုင်းနိုင်ငံရဲ့ မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုပမာဏဟာ လက်ရှိမှာ တနှစ်ကို ထိုင်းဘတ် ၇၈ ဘီလျံ (ကန်ဒေါ်လာ ၂.၅ ဘီလျံခန့်) ကနေ ဘီလျံ ၁၀၀ (ကန်ဒေါ်လာ ၃.၃ ဘီလျံခန့်) အထိ တိုးတက်လာမယ်လို့ မျှော်မှန်းထားတယ်လို့ ဖော်ပြထားပါတယ်။

အလားတူ မြန်မာနိုင်ငံဘက်က စီးပွားကူးသန်းဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးကလည်း ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးပမာဏကို ကန်ဒေါ်လာ ၁ ဘီလျံအထိ တိုးတက်လာမယ်လို့ မျှော်မှန်းထားတယ်လို့ဆိုပါတယ်။ လက်ရှိမှာ ထိုင်းနဲ့ မြန်မာနှစ်နိုင်ငံက ကုန်သွယ်မှု စာရင်းဇယားတွေဟာ အနည်းငယ် ကွာဟမှုတွေ ရှိနေပေမယ့်လည်း ထိုပမာဏကို နီးစပ်လာအောင် ညှိနှိုင်း ဆောင်ရွက်မှုတွေ ရှိနေတယ်လို့လည်း သိရပါတယ်။ အဓိကအနေနဲ့ နှစ်ဘက်နှစ်နိုင်ငံလုံးအတွက် အကျိုးမရှိတဲ့ တရားမဝင်ကုန်စည်များစီးဆင်းနေမှုကို အထူးအလေးပေးပြီး ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံဘက်က ထုတ်ပြန်တဲ့စာရင်းဇယားတွေအရဆိုရင် မြန်မာနိုင်ငံ ဘက်က ပို့ကုန်ပမာဏဟာ ထိုင်းဘက်ကပြန်သွင်းတဲ့ သွင်းကုန်ပမာဏနဲ့ယှဉ်ရင် များစွာကွာဟချက်တွေရှိနေတာကို တွေ့နိုင်မှာပါ။ ဒီမိုကရေစီ အစိုးရသစ်ပြောင်းလဲသွားတဲ့ ၂၀၁၁ ခုနှစ်ကနေ စတင်နှိုင်းယှဉ်ကြည့်ပါမယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကာလမှာ ပို့ကုန်တန်ဖိုးဟာ ကန်ဒေါ်လာ ၁၀.၅၃၇ သန်း ရှိပြီး သွင်းကုန်တန်ဖိုး ဟာလည်း ၁၃.၉၈၈ သန်းသာ ရှိခဲ့ပါတယ်။ ထိုကာလကနေ ဆက်လက်ပြီး ထုတ်ကုန်ကော သွင်းကုန်ပမာဏပါ ဆက်တိုက် မြင့်တက်လာခဲ့ရာမှာ ဦးသိန်းစိန်အစိုးရ သက်တမ်းကုန်ဆုံးတဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ပို့ကုန် တန်ဖိုး ၄၃.၇၈၅ သန်းနဲ့ သွင်းကုန်တန်ဖိုး ၆၈၂.၃၂၇ သန်း (စုစုပေါင်း ၇၂၆ သန်း) ကို ရောက်ရှိနေပါပြီ။ ဒီမှာတင် ပို့ကုန်တန်ဘိုးဟာ သွင်းကုန်တန်ဘိုးထက် များစွာ ပြတ်ကျန်ခဲ့တာကို တွေ့နိုင်မှာပါ။ ထိုင်းနိုင်ငံကနေ လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသောက်ကုန်၊ အီလက်ထရောနစ် ပစ္စည်းများစွာ တလုံးတခဲတည်း တင်ပို့နေချိန်မှာ မြန်မာနိုင်ငံက အဓိကလယ်ယာထွက်ကုန် ပို့ကုန်များနဲ့ရေထွက်ကုန်များကိုသာ ဦးစားပေးတင်ပို့နေရင်းနဲ့ ကုန်သွယ်မှုဟာ တဘက်စောင်းနင်းကို ကွာဟလာတာကို မြင်တွေ့နိုင်ပါတယ်။

လက်ရှိ အစိုးရတက်လာတဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပို့ကုန်တန်ဖိုး ၆၀.၁၉၉ သန်းအထိ တိုးတက်လာပေမယ့် သွင်းကုန်တန်ဖိုးကလည်း တရိပ်ရိပ် ဆက်တက်လာပါတယ်။ ကန်ဒေါ်လာ ၈၇၁.၅၂၂ သန်းအထိ သွင်းကုန်ပမာဏ ရောက်ရှိလာပါတယ်။ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကတော့ ၉၃၁ သန်းအထိ ရောက်ရှိပါတယ်။ အစိုးရသစ်ရဲ့ ပို့ကုန်မြှင့်တင်ရေး အစီအစဉ်တွေကြောင့် ယခုနှစ်ပိုင်းတွေထဲမှာ မြန်မာနိုင်ငံက ပို့ကုန်တန်ဖိုးဟာ ဆယ်ဂဏန်းကနေ ရာဂဏန်းအထိ မြင့်တက်လာရာမှာ နောက်ဆုံးရရှိတဲ့ ကိန်းဂဏန်းတွေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပို့ကုန်ပမာဏ ၂၁၁ သန်းကျော် ရောက်ရှိလာပြီး သွင်းကုန်ပမာဏက ၇၅၅ သန်းကို ရောက်ရှိနေပါတယ်။ စုစုပေါင်း ကုန်သွယ်မှုပမာဏဟာ ၉၆၇ သန်း ရှိနေတာမို့ ကန်ဒေါ်လာ တစ်ဘီလျံရောက်ဖို့ မဝေးတော့ပါဘူး။ ကုန်သွယ်မှုလိုငွေကတော့ ရှိနေမှာဖြစ်ပါတယ်။ ဒီဒေသကလည်း ငြိမ်းချမ်းရေးရလာပြီးတဲ့နောက်ပိုင်း ပိုပြီးတော့ ကုန်သွယ်ရေးဖွံ့ဖြိုးမှု ရှိလာပါတယ်လို့ ဦးမင်းအောင်အေးက ဆိုပါတယ်။ လက်ရှိမှာ မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော်တံတား ၂ စင်းဖြစ်သွားတာကြောင့် တံတားပေါ်ကနေတဆင့် ကုန်စည်များ တရားဝင်စီးဆင်းနိုင်ရေးကို ကြိုးပမ်းသွားမှာ ဖြစ်တဲ့အတွက် တရားမဝင်ကုန်စည်များ မဝင်ရောက်ရေး သက်ဆိုင်ရာ နှစ်နိုင်ငံက ဌာနများက ပူးပေါင်းဆောင်ရွက်ကြရမှာလည်း ဖြစ်ပါတယ်။

စာရင်းဇယားများအရ ထိုင်းနိုင်ငံက ကုန်သွယ်မှုစာရင်းများနဲ့ မြန်မာနိုင်ငံဘက်က စာရင်းများ ကွာဟမှု အနေအထားမှာ ဖြစ်ပေါ်နေတဲ့ မြေပြင်အခြေအနေတွေအရ ထိုင်းနိုင်ငံဟာ သူတို့တင်ပို့တဲ့ ကုန်ပစ္စည်းများအားလုံး (တံတားပေါ်၊ တံတားအောက်) စာရင်းတွေ ပါဝင်နေပေမယ့်လည်း မြန်မာနိုင်ငံအနေနဲ့ကတော့ တရားဝင် နယ်စပ်တံတားကနေ ဖြတ်ကျော်ဝင်ရောက်လာသမျှကိုသာ စာရင်းပြုစုတဲ့အတွက် ကုန်သွယ်မှုတန်ဖိုး ကွာဟမှုများ ရှိနေသေးတယ် လို့လည်း သိရပါတယ်။ ဒီအတွက် နှစ်ဘက်နိုင်ငံ တာဝန်ရှိသူများက မြေပြင်အခြေအနေကို ပိုမိုနီးစပ်လာစေဖို့ ဆောင်ရွက်မှုများ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ သူတို့ဘက်က ဘယ်ကနေပဲ သွင်းသွင်း စာရင်းက အကုန်တရားဝင်၊ အခုဆို နှစ်ဘက်ညှိနှိုင်း ဆောင်ရွက်မယ်ဆိုရင် သူတို့လက်ရှိ ရှိနေတဲ့ ပမာဏထက်ကို မျှော်မှန်းထားတဲ့ ပမာဏအတိုင်းရှိမှာပါ။ လုပ်ငန်းပိုင်းတွေကို ကျနော်တို့က တောက်လျှောက်ညှိနှိုင်းဆောင်ရွက်နေပါတယ်လို့ ဦးမင်းအောင်အေးကပြောပါတယ်။ မြဝတီမြို့ဟာ အာဆီယံဒေသတွင်း ကုန်သွယ်မှုအတွက် အရှေ့အနောက် စီးပွားရေးစင်္ကြန်လမ်းပေါ်မှာတည်ရှိနေတာကြောင့် နယ်စပ်ကုန်သွယ်ရေးအပြင် စီးပွားရေးဇုန်ကိုပါ အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခရိုင်မှူး ဦးတေဇာအောင်ကလည်းပြောပါတယ်။ မြဝတီစီးပွားရေးဇုန်ထဲမှာ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ပြည်တွင်းလုပ်ငန်းရှင်တွေကိုလည်း ဖိတ်ခေါ်ထားတာတွေရှိပါတယ်။ ထိုင်းဘက်ကဆိုရင် သူတို့လုပ်ငန်းရှင်တွေအတွက် ပံ့ပိုးမှုတွေကော၊ အာမခံတွေကော ပေးတာရှိပါတယ်။ ဒီဘက်မှာလည်း ဒီလိုရမယ်ဆိုရင် လုပ်ငန်းရှင်တွေ ပိုလာကြမယ်လို့ ယုံကြည်ပါတယ်လို့ သူကဆိုပါတယ်။ လက်ရှိမှာ မြဝတီစီးပွားရေးဇုန်အဖြစ် ဧက ၁၃၀၀ ကျော်မြေနေရာကို လျာထားဆောင်ရွက်နေတာဖြစ်ပြီး လက်ရှိမှာ စီးပွားရေးလုပ်ငန်း စုစုပေါင်း ၁၅ ခုက လုပ်ငန်းဆောင်ရွက်ဖို့လျာထားပြီး Apex Rubber International ကုမ္ပဏီ


တခုသာလျှင် ဖိနပ်စက်ရုံတည်ဆောက်ပြီး လည်ပတ်နေပြီဖြစ်ပါတယ်။

စီးပွားရေးဇုန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ညီနောင်ဦးလုပ်ငန်းစုက တာဝန်ရှိသူတဦးကတော့ မြန်မာလုပ်ငန်းရှင်များဟာ ကုန်ထုတ်လုပ်ရေးထက် ကုန်သွယ်ရေးကိုသာ ပိုမိုအားစိုက်တာကြောင့် မြဝတီစီးပွားရေးဇုန်ဖွံ့ဖြိုးဖို့အတွက် ကုန်ထုတ်လုပ်ရေးကို အားစိုက်ထည့် ဆောင်ရွက်လိုသူလုပ်ငန်းရှင်များကို ဖိတ်ခေါ်လိုပါကြောင်းဆိုပါတယ်။ မည်သို့ပင်ဆိုစေ မကြာခင် ပိုမိုကြီးထွားလာတော့မယ့် အာဆီယံစီးပွားရေး အသိုက်အဝန်းရဲ့ ကုန်သွယ်ကူးသန်းဖလှယ်မှုတွေမှာ မြန်မာနိုင်ငံဟာလည်း မဖြစ်မနေပါဝင်နေတာကြောင့် မိမိတို့နိုင်ငံအနေနဲ့ အဘက်ဘက်က နစ်နာမှုမရှိဖို့တော့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖို့လိုမှာဖြစ်ပါတယ်။ ကုန်သွယ်ဘက်နိုင်ငံအချင်းချင်း အပြန်အလှန်ကုန်သွယ်မှု အချိုးတူကျမှသာလျှင် နစ်နာမှုမရှိမှာလည်းဖြစ်ပါတယ်။ ဒီအတွက် အစိုးရများအနေနဲ့ မိမိတို့နိုင်ငံရဲ့ ပို့ကုန်တိုးမြှင့်ရေး အစီအမံများကို ယခုထက်ပိုပြီး အင်တိုက်အားတိုက် ကြိုးပမ်းထားမှသာ နောင် ၁၀ နှစ်တာ ကာလအတွင်း အာဆီယံနိုင်ငံများထဲမှာ ခေါင်းထောင်နိုင်မှာဖြစ်ပါတယ်။ မဟာဗျူဟာကျတဲ့ ပို့ကုန်တိုးမြှင့်ရေး အစီအစဉ်များကို ယခုထက်ပိုမို ဆောင်ရွက်မှသာလျှင် ကုန်သွယ်ရေးလိုငွေပြနေခြင်းများကို ကုစားနိုင်မှာဖြစ်ပါတယ်။ မြဝတီမြို့ဟာ အာဆီယံနိုင်ငံများဆီသို့ ကုန်သွယ်မယ့်ဂိတ်ပေါက်တခု ဖြစ်တာကြောင့် ခံစစ်ကောင်းများနဲ့ ဖွံ့ဖြိုးတိုးတက်လာအောင် ပြင်ဆင်ဆောင်ရွက်သင့်ပါတယ်လို့ ယူဆမိရပါတယ်။

**Source: The Irrawaddy – Burmese Edition**

https://www.facebook.com/kope.aung/posts/2493314510937759

## မြန်မာ့နီလာကြီး ဈေးသုံးဆပိုရပြီး ဒေါ်လာ ၆ သန်းနဲ့ရောင်းထွက်



မြန်မာနိုင်ငံက နီလာကျောက်ကြီးနဲ့ ပြုလုပ်ထားတဲ့ လက်ကောက်ကို ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့မှာ လေလံတင်ရောင်းချခဲ့ရာမှာ ကြမ်းခင်းဈေးထက် သုံးဆအထိပိုရပြီး ဒေါ်လာ ၆ သန်းကျော်နဲ့ ရောင်းချနိုင်ခဲ့ပါတယ်။ အပေါ်ကို ခုံးခုံးချွန်ချွန်ထိုးထွက်နေတဲ့ နီလာတုံးကြီးကို စိန်နဲ့ရံပြီး ဖန်တီးထားတဲ့ ဒီလက်ကောက်ကို ဒေါ်လာ ၆.၁ သန်းနီးပါးနဲ့ ရောင်းချလိုက်ပြီလို့ Sotheby's လေလံကုမ္ပဏီဝက်ဆိုက်မှာ ဖော်ပြထားပါတယ်။ ဒီလက်ကောက်ကို ဝယ်ယူသူခြောက်ဦးက စိတ်ဝင်စားခဲ့ပြီး ဝယ်ယူသွားနိုင်သူကတော့ အာရှက ရတနာပစ္စည်းစုဆောင်းသူ တစ်ဦးဖြစ်တယ်လို့ indexonline စိန်ရတနာရောင်းချရေးဝက်ဆိုက်မှာဖော်ပြပါတယ်။ နိုဝင်ဘာလ ၁၃ ရက်မှာ Sotheby's လေလံ ကုမ္ပဏီကပြုလုပ်တဲ့ ဆောင်းဦးလေလံပွဲမှာ ဒီလက်ဝတ်ရတနာကို ကြမ်းခင်းဈေး ဒေါ်လာ ၂သန်းနဲ့ ၃သန်းကြား ရောင်းချသွားမယ်လို့ ကုမ္ပဏီက ကြေညာထားတာပါ။

မြန်မာ့ နီလာ၊ စိန်တို့နဲ့ စီခြယ်ထားတဲ့ လက်ကောက်ကို ၁၉၂၇ ခုနှစ်က ကာတီယာက ဖန်တီးခဲ့တယ်လို့လည်းဆိုပါတယ်။ Sotheby's လေလံကုမ္ပဏီရဲ့ ဥရောပဌာနခွဲ ဥက္ကဋ္ဌ Daniela Mascettiက နီလာ၊ စိန်တို့နဲ့ ဖန်တီးထားတဲ့ ဟန်းချိန်းထဲမှာ နီလာက သိသာထင်ရှားပြီး ၄၇ ကာရက်ရှိသလို ဒါဟာ မြန်မာနိုင်ငံကထွက်တယ်လို့ အတည်ပြုပြောဆိုပါတယ်။ ဒီနီလာက မီးဖုတ်ထားတာမရှိဘူးဆိုတာကို Gubelin ဓာတ်ခွဲခန်းက စာပို့အတည်ပြုထားပါတယ်။ ဒီနီလာက တော်ဝင်အပြာရောင်ဖြစ်တယ်။ မြန်မာ့ကျောက်မျက်ရတနာတွေထဲက အကောင်းဆုံးတစ်ခုလို့လည်း မျှော်လင့်ရပါတယ်။ ဒီနီလာကို ၈ ကာရက် နဲ့ ၉ ကာရက်ရှိတဲ့ စိန်နှစ်လုံးနဲ့ စီခြယ်ထားပါတယ်။ ဒီလိုအကောင်းဆုံးလက်ဝတ်ရတနာရဖို့ ကာတီယာအနေနဲ့ ဘာမှသိပ်ပြုပြင်စရာမလိုခဲ့ပါဘူးလို့ သူကပြောပါတယ်။

ဒီလေလံပွဲမှာ တခြားကျောက်မျက်ရတနာတွေကိုလည်း ရောင်းချသွားဖို့ ရှိနေပြီး ဒီအထဲမှာ မြန်မာ့နီလာနဲ့ ကိုလံဘီယာက မြတို့ဟာ လူကြိုက်များနိုင်တယ်လို့လည်းဆိုပါတယ်။ ဒီနီလာလက်ဝတ်ရတနာကို ဖန်တီးခဲ့တဲ့ ၁၉၂၇ ခုနှစ်မှာ ကာတီယာက အလားတူ ဒီဇိုင်းနဲ့ စတိုင် သိပ်မကွာတဲ့ တခြား လက်ဝတ်ရတနာတွေလည်း ဖန်တီးခဲ့ပါတယ်။ Sotheby's လေလံပွဲမှာ ကာတီယာရဲ့ တခြားရတနာအတွဲတွေဖြစ်တဲ့ မြ၊ စိန်လည်ဆွဲတွေလည်း ဒေါ်လာ ၃.၅ သန်း၊ ၄.၅ သန်းနဲ့ အသီးသီးရောင်းချသွားမှာဖြစ်တယ်လို့ ကြေညာထားပါတယ်။

**Source:** https://www.bbc.com/burmese/burma-50426069

## အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းခုနစ်ခု ရန်ကုန်တိုင်း၌ ခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီးအတွင်း အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းခုနစ်ခုကို နိုဝင်ဘာ ၁၃ ရက်ကပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးက ခွင့်ပြုခဲ့ကြောင်းသိရသည်။ ယင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခုနစ်ခု၏ မတည်ငွေရင်း ပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၅၁ သန်းဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သား ၁၉၅၉ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်ဟုသိရသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက တစ်လလျှင်နှစ်ကြိမ် အစည်းအဝေး ပြုလုပ်ကာ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍစသည်ဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုစိစစ်ပြီး အမေရိကန်ဒေါ်လာ ငါးသန်း (သို့မဟုတ်) မြန်မာငွေကျပ် သန်း ၆၀၀၀ အထိ ရင်းနှီး မြှုပ်နှံမှုများအား အတည်ပြုခွင့်ပြုမိန့် ထုတ်ပေးနေ ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက် အထိ နိုင်ငံပေါင်း ၅၀ မှ လုပ်ငန်းပေါင်း ၁၈၃၇ ခု လာရောက်ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းပမာဏ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၈၇၄ ဘီလီယံ ရှိကြောင်းသိရသည်။ ယင်းအနက် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ဖြင့် တတိယမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်သည်။

**Source: The Myanmar Times**

https://www.facebook.com/dootcheck.aleksander?fref=search&__tn__=%2Cd%2CP-

## ဖိလစ်ပိုင် ကုမ္ပဏီက မြန်မာပြည်မှာ ဒေါ်လာ ၂၃၈ သန်းမြှုပ်နှံမည်

လုပ်ငန်းရှင်ကြီး ဦးသိမ်းဝေ ခေါ် Serge Pun ဦးဆောင်တဲ့ ကုမ္ပဏီနှစ်ခုမှာ ဖိလစ်ပိုင်နိုင်ငံအခြေစိုက် Ayala ကော်ပိုရေးရှင်းကြီးက အမေရိကန်ဒေါ်လာ ၂၃၈ သန်း ရင်းနှီးမြှုပ်နှံပါမယ်။ ဦးသိမ်းဝေပိုင် Yoma Strategic Holdings နဲ့ FMI First Myanmar Investment မှာ Ayala က အစုရှယ်ယာ ၂၀ % ပိုင်ဆိုင်မယ်လို့ ကုမ္ပဏီတာဝန်ရှိသူတွေက ပြောပါတယ်။ မြန်မာနိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံချက်တွေမှာ ရိုးမကုမ္ပဏီနဲ့ Ayala တို့က အနည်းဆုံး အမေရိကန်ဒေါ်လာသန်း ၃၀ ရင်းနှီးမြှုပ်နှံပါမယ်။ Ayala ဟာ ဖိလစ်ပိုင်က သက်တမ်းအရင့်ဆုံးနဲ့ အလေးစားခံရဆုံး ကော်ပိုရေးရှင်းကြီးဖြစ်ပြီး အရှေ့တောင်အာရှမှာ ပိုမိုရင်းနှီးမြှုပ်နှံနေပါတယ်။ ဖိလစ်ပိုင်ကုမ္ပဏီဟာ အိမ်ခြံမြေလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ရေပေးဝေရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေလုပ်နေရာက အီလက်ထရွန်းနစ်ပစ္စည်းထုတ်လုပ်ရေး၊ လမ်းတံတား၊ ပညာရေးနဲ့ ကျန်းမာရေး စောင့်ရှောက်ရေး လုပ်ငန်းတွေပါလုပ်ကိုင်ပါတယ်။

**Source: RFA Burmese** https://web.facebook.com/.../a.10150522560.../10159247171343128/

## ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ကုန်လက်ကျန်နည်းလာခြင်းနှင့် နယ်ဝယ်လက်စုံခြင်းကြောင့် ကြက်သွန်နီတစ်ပိဿာ အမြင့်ဆုံး ကျပ်၂၅၀၀ အထိ ရောက်ရှိလာ



ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း နိုဝင်ဘာလလယ်ပိုင်းတွင် နယ်ဝယ်လက်စုံနေခြင်းနှင့် ကုန်လက်ကျန်နည်းပါးလာခြင်းများ ကြောင့် ကြက်သွန်နီတစ်ပိဿာ အမြင့်ဆုံး ကျပ် ၂၅၀၀ အထိ ရောက်ရှိလာကြောင်း ဒေသခံကုန်သည်များထံမှသိရသည်။ ပြီးခဲ့သည့် အောက်တိုဘာ၂၅ ရက်အထိ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၁၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိရာမှ နယ်ဝယ်လက်စုံ လာသည့် အတွက် ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာခြင်းဖြစ်ပြီး ကုန်ဝင် ရောက်မှုမှာ ပိဿာချိန် တစ်သိန်းအောက်သာရှိကြောင်းသိရသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသများနှင့် တရုတ်နယ်စပ်ဒေသများက အဓိကဝယ်ယူနေပြီး နိုဝင်ဘာ ၁၄ ရက် ဈေးကွက်တွင် ကြက်သွန်ဥနီကြီး တစ်ပိဿာ ၂၄၅၀- ၂၅၅၀၊ ဥနီလတ် တစ်ပိဿာ ၂၂၅၀ - ၂၃၅၀ ကျပ်နှင့် ဥနီသေး တစ်ပိဿာ ၂၀၀၀- ၂၂၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ ဘင်္ဂလားဒေ့ရှ်က ဝင်ဝယ်တဲ့အတွက် ဈေးက တက်သွားတယ်။ တစ်နေ့ကို ၂၀၀ ကျပ်လောက် တက်လာတာ။ လက်ရှိတစ်ပိဿာ ၂၅၀၀ အထိ ရောက်သွားတယ်။ ပြည်တွင်းကလည်း ရန်ကုန်ဝယ်လက်က အဝင်နည်းပြီး အဝယ်နိုင်နေတော့ ဈေးတက်နေပြီး ဆွဲနေတုန်းပဲ။ ကြက်သွန်အဝင်က လူစုံသွားတဲ့ ဒီနေ့ (၁၄ ရက်) မှာ

ပိဿာချိန် ကိုးသောင်းလောက် ဝင်တယ်။ နောက်ရက်တွေ အလွန်ဆုံးပိဿာချိန် သုံးသောင်း၊ လေးသောင်းလောက်ပဲ ဝင်တော့မယ်။ ယောချောင်းကြက်သွန်ကလည်း ကုန်သလောက်ဖြစ်နေပြီ။ လက်ရှိက တက်ဈေးမျှော်ပြီး ရောင်းဖို့လှောင်ထားတာတွေ ဝင်နေတာဟု ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုကျော်သန်းကပြောကြားသည်။

ယခုနှစ် ကြက်သွန်သစ်ပေါ်ချိန် ဧပြီလမှစက်တင်ဘာလကုန်ပိုင်းအထိ နယ်ဝယ်လက်စုံနည်းပါးခြင်း၊ ကုန်ဝင်များပြားခြင်းများကြောင့် ကြက်သွန်နီတစ်ပိဿာ အမြင့်ဆုံး ကျပ် ၇၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး အောက်တိုဘာလရောက်ရှိမှ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်။ လက်ရှိပေါက်ဈေးက တောင်သူအတွက်အဆင်ပြေတယ်။ တောင်သူတိုင်းတော့ မရကြဘူး။ ဈေးအတက်စောင့်ပြီး လှောင်ထားနိုင်တဲ့သူလောက်ပဲရကြတာ။ အတော်များများက တစ်ပိဿာ ၁၀၀၀ ကျော်လောက်ကတည်းက ရောင်းကြတာ။ လက်ရှိရွာတင် တစ်ပိဿာ၂၀၀၀ လောက်ရတယ်။ တောင်သူကြီးလောက်ပဲ ကြက်သွန်လက်ကျန်ရှိတာပါ။ ရာသီကုန်မှာ ဒီဈေးဖြစ်သွားတော့ နောက်နှစ်တောင် သူစိုက်အားရှိတယ်ဟု ပေါက်မြို့နယ် ဝက်မီးရွာမှ ကိုစိုးသန်းက ပြောကြားသည်။ ယောချောင်းဒေသမှ ကြက်သွန်စိုက် တောင်သူများမှာ အချို့သောနှစ်များတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ခင်းများ ပျက်စီးခြင်းနှင့် ဈေးနှုန်းကျဆင်းမှုကြောင့် စိုက်ပျိုးစရိတ်ဆုံးရှုံးမှုများ ကြုံတွေ့ရပြီး ယခုလို နယ်ဝယ်လက်စုံ၍ ဈေးနှုန်းမြင့်တက်သည့် နှစ်မှသာ အကျိုးအမြတ်ခံစားရကြောင်း သိရသည်။ ယောချောင်းဒေသထွက် ကြက်သွန်များ ဝင်ရောက်မှု နည်းပါးသွားသော်လည်း လာမည့် ဒီဇင်ဘာလလယ်ပိုင်းမှစ၍ မြစ်ရေဝင် ဒေသများမှထွက်ရှိသည့် မိုးကြက် သွန်သစ်များ ပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/145486

## တရုတ်သို့ တစ်နှစ်လျှင် ပဲတီစိမ်းတန်ချိန်တစ်သိန်းကျော် တင်ပို့နေ



တရုတ်သို့ တစ်နှစ်လျှင် ပဲတီစိမ်းတန်ချိန်တစ်သိန်းကျော်အထိ တင်ပို့လာနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ ပဲတီစိမ်းကို တရုတ်၊ အီးယူ၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဂျပန်၊ တောင်ကိုရီးယားသို့ တင်ပို့လျက်ရှိကြောင်း၊ အိန္ဒိယနှင့် တရုတ် ဈေးကွက်သည် အရည်အသွေးအနိမ့်၊ အမြင့်များကို အမျိုး အစားအလိုက် ခွဲခြားဝယ်ယူကြောင်းသိရသည်။ ပဲတီစိမ်းအညာတစ်တန်လျှင် ကန်ဒေါ်လာ ၇၅၀ မှ ၈၀၀ ကြား၊ပခုက္ကူ တစ်တန်လျှင် ကန်ဒေါ်လာ ၇၈၀ မှ ၈၃၀ ကြား၊ ရွှေဝါ အကြီးတစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ မှ ၁၀၀၀ ကြား၊ အခွံချွတ် အလုံးကြီးအခြမ်းတစ်တန်လျှင် ကန်ဒေါ်လာ ၉၄၀ မှ ၁၀၅၀ ကြား အသီးသီး ရှိနေသည်။ ပဲတီစိမ်းသည် နှစ်စဉ်ဈေးကောင်းရနေသည့် သီးနှံဖြစ်သလို တရုတ်ဈေးကွက်ခိုင်မာရန်လိုအပ်သည်။ ပဲတီစိမ်းကို ဆောင်းနှင့်မိုး နှစ်ရာသီ စိုက်ပျိုးသည်။ ဆောင်းပဲတီစိမ်းကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလမှ ဧပြီလအတွင်းရိတ်သိမ်းသည်။ မိုးပဲတီစိမ်းကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလမှ ဇန်နဝါရီလ အတွင်းရိတ်သိမ်းသည်။

စိုက်ပျိုးသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ ကချင်၊ ကရင်၊ ကယား၊ စစ်ကိုင်း၊ ပဲခူးအရှေ့အနောက်၊ မကွေး၊ မန္တလေး၊ မွန်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်သည်။ စိုက်ပျိုးသည့်ဒေသအလိုက်အမျိုးအစားကွဲပြားလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပဲတီရွှေဝါမျိုး၊ မကွေးတိုင်းဒေသကြီးက အညာရွှေဝါမျိုး ထွက်ရှိသည်။ ပဲတီစိမ်း၏ထူးခြားမှုမှာ နိုင်ငံအတွင်းရှိ ဒေသအသီးသီးမှာ တစ်နှစ်ပတ်လုံးအလှည့်ကျ စိုက်ပျိုးထွက်ရှိသည်။ ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်းတင်ပို့မှုစာရင်းအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၃၀၄၀၀၀ ကျော်၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၀၀၀၀၀ ကျော်၊၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းတန်ချိန် ၃၅၀၀၀၀ ကျော် ကန်ဒေါ်လာသန်း ၂၇၀ ကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၇၀၀၀၀ ကျော်၊ကန်ဒေါ်လာ သန်း ၃၄၀ ကျော် တင်ပို့နိုင်ခဲ့၍ယခင်ဘဏ္ဍာနှစ်ထက် တန်ချိန် ၁၂၀၀၀၀ ခန့် ပိုမိုတင်ပို့ခဲ့သည်။

**Source:** http://htwettoe.com/article-details/news/8258731

## ထန်တလန် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုဖြစ်ပေါ်ခဲ့ခြင်းမရှိ

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သော ချင်းပြည်နယ်ရှိ ထန်တလန်နယ်စပ် ကုန်သွယ်ရေးစခန်းတွင် ယခု ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုဖြစ်ပေါ်ခြင်းမရှိဘဲ ရပ်တန့်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြသည်။ အောက်တိုဘာ ၁ ရက်တွင် အစပြုခဲ့သော ယခုဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုများပြုလုပ်ရန် ဖွင့်လှစ်ထားသည့် ချင်းပြည်နယ်အတွင်း၌တည်ရှိသော ထန်တလန်နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်သွင်းကုန်တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းများ ပြုလုပ်နိုင်ခြင်းမရှိဘဲ ကုန်သွယ်မှုရပ်တန့်နေခြင်းဖြစ်သည်။ အိန္ဒိယနှင့်ထိစပ်လျက်ရှိသော အခြားနယ်စပ် ကုန်သွယ်ရေးစခန်းများဖြစ်သည့် တမူးနှင့် ရိဒ်နယ်စပ်ကုန် သွယ်ရေးစခန်းများတွင်မူ ကုန်သွယ်မှုများဖြစ်ပေါ်ခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏မှတ်တမ်းများအရ သိရသည်။ ယခုဘဏ္ဍာနှစ်၏ ပထမဆုံးလဖြစ်သော အောက်တိုဘာလအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် နယ်စပ် ကုန်သွယ်ရေးစခန်းများတွင် ဖြစ်ပေါ်ခဲ့သော ကုန်သွယ်မှုပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၈၈၁ ဒသမ ၄ သန်းရှိခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၆ ဒသမ ၉သန်းရှိခဲ့သော မူဆယ်သည် ကုန်သွယ်မှုအများဆုံးပြုလုပ်ခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်ခဲ့သည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=136281&path=InternationalNews.aspx

## ဗီယက်နမ်မှ စူပါမားကက်များတွင် ပလပ်စတစ်အစား ငှက်ပျောဖက်များကို စတင်သုံးစွဲလာ



ဗီယက်နမ်နိုင်ငံမှ စူပါမားကက်များတွင် စားသောက်ကုန်များကိုထုတ်ပိုးရာ၌ ပလပ်စတစ်ဖြင့်ထုတ်ပိုးမည့်အစား ငှက်ပျောဖက်များကို စတင်၍ အစားထိုးသုံးစွဲလာပြီဖြစ်သည်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Rimping စူပါမားကက်သည် မိမိတို့ စူပါမားကက်တွင် ပလပ်စတစ်အစား ငှက်ပျောဖက်များဖြင့် ထုတ်ပိုးနေခြင်းကို လူမှုကွန်ရက်တွင် တင်ပြခဲ့ရာ မြင်တွေ့ကြသူများက ပိုင်းဝန်းအားပေးဂုဏ်ပြုခြင်းခံရသည်။ ထို့အပြင် အင်တာနက်သုံးစွဲသူများအကြားလည်း အဆိုပါ အိုင်ဒီယာသည် အထူးပျံ့နှံ့သွားခဲ့ပြီးနောက် ဗီယက်နမ်မှလည်း ယခုကဲ့သို့ လိုက်လံပြုလုပ်လာခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံရှိ စူပါမားကက်ကြီးများဖြစ်ကြသော Lotte Mart၊ Saigon Co.op၊ Big C တို့တွင်လည်း စားသောက်ကုန်များ၊ အသီးအနှံများအား ငှက်ပျောရွက်ဖြင့်ထုတ်ပိုးခြင်းကို ပဏာမခြေလှမ်းအဖြစ် စတင်အကောင်အထည်ဖော်နေကြပြီဖြစ်ကြောင်းသိရသည်။ Lotte Mart စူပါမားကက်မှ ကိုယ်စားလှယ်တစ်ဦးအား ဗီယက်နမ်သတင်းဌာနတစ်ခုက တွေ့ဆုံမေးမြန်းခဲ့ရာတွင်မူ ယခုကဲ့သို့ ဆောင်ရွက်နေခြင်းသည် စမ်းသပ်သည့်အဆင့်ဖြစ်သော်လည်း နိုင်ငံတစ်ဝန်းရှိ ယင်းတို့၏ စူပါမားကက်များတွင် မကြာမီ တွင်ပင် လိုက်လံဆောင်ရွက်ရန် စီစဉ်နေကြောင်းပြန်လည်ဖြေကြားခဲ့သည်။ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကိုသာမက သားစိမ်းငါးစိမ်းများကိုပါ ငှက်ပျောဖက်များဖြင့် ထုတ်ပိုးရောင်းချရန် စီစဉ်နေကြောင်းသိရသည်။ ဈေးဝယ်သူများကလည်း ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းကို အထူးကြိုဆိုကြသည်။ ဟင်းသီးဟင်းရွက်တွေကို ငှက်ပျောဖက် လေးတွေနဲ့ ထုတ်ထားတာမြင်တော့ ကိုယ်ဝယ်မယ်လို့ရည်မှန်းထားတာထက် ပိုပြီးဝယ်ချင်စိတ် ချက်ခြင်းဖြစ်လာတာပဲဟု ဟိုဟွာ အမည်ရှိ ဈေးဝယ်အမျိုးသမီးတစ်ဦးကပြောသည်။ ဒီဆောင်ရွက်ချက်ဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပိုပြီး အထောက်အကူဖြစ်မယ်လို့ ကျွန်မထင်ပါတယ်ဟုလည်း သူကပြောသည်။

ဗီယက်နမ်နိုင်ငံသည် ပလပ်စတစ်အသုံးများသောနိုင်ငံတစ်ခုဖြစ်ကာ ပင်လယ်တွင်းသို့ ပလပ်စတစ်များစွန့်ပစ်ရာတွင်လည်း ကမ္ဘာတွင် စတုတ္ထလိုက်ကြောင်း စစ်တမ်းတစ်ခုကဆိုထားသည်။ လက်ရှိအစီရင်ခံစာတစ်ခုအရမူ ဗီယက်နမ်

ပြည်သူတို့သည် နေ့စဉ်ပလပ်စတစ် တန်ချိန် ၂၅၀၀ ခန့်ကို အမှိုက်အဖြစ် စွန့်ပစ်နေကြကြောင်းသိရသည်။ အဆိုပါ အစီရင်ခံစာအရ တစ်ခါသုံးပလပ်စတစ်အိပ်များသုံးစွဲမှုလျှော့ချခြင်း(သို့)တားမြစ်ခြင်းကို အာရှနိုင်ငံများတွင် အထူး ဆောင်ရွက်နေကြပြီး၊ လက်ရှိအားဖြင့်ဆိုရပါမူ တောင်ကိုရီးယားနိုင်ငံတွင် တစ်ခါသုံးပလပ်စတစ်အိပ်များသုံးစွဲခြင်းကို စူပါမားကက်များတွင်ရော အခြားသောလုပ်ငန်းများတွင်ပါ တားမြစ်ထားသည်။

စင်ကာပူနိုင်ငံမှ စူပါမားကက်များတွင်လည်း ပြည်သူများအနေဖြင့် ပလပ်စတစ်အိပ်များအသုံးပြုမှုလျှော့ချစေရေး စည်းရုံး လှုံ့ဆော်မှု ကန်ပိမ်းများပြုလုပ်လျက်ရှိသည်။ တိုင်ဝမ်နိုင်ငံတွင်လည်း တစ်ခါသုံးပလပ်စတစ်အိပ်သုံးလျှင် အိပ်ဖိုးပေးရသည့် စနစ်ကို စတင်ဆောင်ရွက်နေသည်။ တရုတ်နိုင်ငံသည်လည်း လွန်စွာပါးလွှာသောပလပ်စတစ်အိပ်များအသုံးပြုခြင်းကို ၂၀၀၈ ခုနှစ်ကတည်းက စတင်တားမြစ်ခဲ့ပြီးနောက် ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပလပ်စတစ်အိပ်အသုံးပြုခြင်းကို ၆၆ ရာခိုင်နှုန်းလျှော့ချနိုင်ပြီဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/popularnewsjournal/posts/3207846412564465?__tn__=K-R

## တရုတ်နိုင်ငံ တာ့လီမြို့ ရန့်ပိခရိုင် ပိုင်တိုင်းရင်းသားအမျိုးသမီးမှ E-Commerceကို အသုံးပြုပြီး တစ်နှစ်လျှင် သစ်ကြားသီးတန်ချိန် (၂၀၀)ခန့် ရောင်းချနိုင်ခဲ့



မကြာသေးမီရက်ပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရန့်ပိ ခရိုင် ရီတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် ရှင်းနုန် သစ်ကြား သီး စိုက်ပျိုးရောင်းချမှု ကျွမ်းကျင်သမဝါယမတွင် လုပ်ငန်းများ အလွန်များပြားလျက်ရှိပါသည်။ နေ့စဉ်လုပ်သားပေါင်း (၁၀) ဦးခန့် သည် ကုန်စည်ထည့်ခြင်း၊ အလေးချိန်ခြင်း၊ ထုပ်ပိုးပြီးသော သစ်ကြားသီးများအား တစ်နိုင်ငံလုံးရှိဒေသ အသီးသီးသို့ ပို့ဆောင် ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ရန်သည် တာ့လီရန့်ပိတွင် ကြီးပြင်းသော ပိုင်တိုင်းရင်းသား မိန်းကလေးတစ်ဦးဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် E-Commerce လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ ပါသည်။ မထင်မှတ်ထားသည်မှာ သူမ၏ E-Commerc လုပ်ငန်းမှာ အလွန်အောင်မြင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် သူမသည် အင်တာနက်စင်မြင့် "ရှိမ့ထျန်(တစ်ဓေ)"တွင် ရောင်းအားအကောင်း ဆုံးပထမဆုကို ရရှိခဲ့ပါသည်။ ထို့နောက် "ပေ့ွနန်ကွန်ယက်"ရန့်ပိခရိုင် ထုတ်လုပ်ဒေသ ဝန်ဆောင်မှုပေးသူဖြစ်လာပြီး "၂၀၁၈ ခုနှစ် ယူနန်-ကူမင်းခွံမာသီးပြပွဲ" ဒုတိယဆုကို ရရှိခဲ့ပါသည်။ ထို့နောက် ရန့်ပိရှင်းနုန် သစ်ကြားသီးစိုက် ပျိုးရောင်းချမှုကျွမ်းကျင်သမဝါယမကိုတည်ထောင်ခဲ့ပြီး သစ်ကြားသီးအဓိကထား စိုက်ပျိုးထွက်ကုန်များ စိုက်ပျိုးခြင်း၊ အချောကိုင်ခြင်း၊ ရောင်းချခြင်းနှင့် E-Commerce လုပ်ကိုင်လည်ပတ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် Taobao၊ JD၊ Tian Mao၊ ရှိမ့ထျန်၊ ပေ့ွနန်ကွန်ယက်နှင့် Wechat စသည့်ကွန်ယက်တွင် သစ်ကြားသီးနှင့် အခြားလယ်ယာအထူးထုတ်ကုန်များကို ရောင်းချနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် E-Commerce ရောင်းချမှုရရှိငွေ စုစုပေါင်းပမာဏမှာ တရုတ်ယွမ်ငွေ (၆၂)သိန်းကျော် ရှိပါသည်။ ထိုအနက် သစ်ကြားသီးရောင်းချမှု တန်ချိန် (၂၁၅)တန် ရှိပြီး ကုန်ပစ္စည်းမှာယူရောင်းချမှု အကြိမ်ရေ (၁) သန်းကျော် ခန့်ရှိပြီး ရောင်းချမှုပမာဏမှာ တရုတ်ယွမ်ငွေ သိန်း(၄၀)ကျော်ခန့်ရှိကြောင်းသိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## ဆန်စပါးထွက်ဆီသည် တိုးမြင့်မှုအလျင်မြန်ဆုံးသော စားသုံးဆီဖြစ်လာ

ဆန်စပါးထွက်ဆီကို ဖွဲနုဆီဟုလည်းခေါ်ပြီး ဆန်ဖြူဖြင့်ပြုလုပ်ထားခြင်းမဟုတ်ဘဲ စပါးကိုဆန်အဖြစ် ကုန်ချော ထုတ်လုပ် ပြီးနောက် ရရှိသောဖွဲနုဖြင့် ကုန်ချောထုတ်လုပ်ထားခြင်းဖြစ်သောကြောင့် အလဟသဆုံးရှုံးမည်ဖြစ်သော အဟာရ ရင်းမြစ်ကို ပြန်လည်အသုံးပြုခြင်းဖြစ်ပါသည်။ လွန်ခဲ့သောရာစုနှစ်တစ်စုတွင် ဆန်စပါးထွက်ဆီကို ဂျပန်သိပ္ပံပညာရှင် Suzuki Umetarō မှ တီထွင်ခြင်းနှင့်သုံးစွဲ ခြင်းကြောင့် ၎င်းထဲရှိ ပြည့်ဝဆီ(Saturated fatty acid) ၊ ကောင်းသောအဆီ Monounsaturated fatty acid၊ Polyunsaturated fatty acid ပါဝင်မှုအချိုးမှာ 1 : 1 : 1 ဖြစ်သောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကျန်းမာရေး စားသုံးဆီ ၃ မျိုးထဲမှတစ်မျိုးအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ ဂျပန်နိုင်ငံတွင် ဆန်စပါးထွက်ဆီက အဆင့်မြင့် စားသုံးဆီထုတ်ကုန်အဖြစ် ရောင်းချလေ့ရှိပြီး အဆိုပါနိုင်ငံ၏ တစ်နှစ်တာဆန်စပါးထွက်ဆီစားသုံးမှုမှာ တန်ချိန် ၈၀၀၀၀ ခန့် ရှိပြီး စားသုံးဆီစုစုပေါင်းစားသုံးမှု၏ ၃.၅% နေရာယူထားသည်။ စားသုံးဆီ အမျိုးအစားသစ်အဖြစ် ယခုနှစ်ပိုင်းများတွင်

တရုတ်နိုင်ငံ၏ ဆန်စပါးထွက်ဆီထုတ်လုပ်မှုပမာဏ ဆက်လက်တိုးမြင့်နေသည်။ တရုတ်နိုင်ငံ သီးနှံနှင့်ဆီလုပ်ငန်းရှင်အသင်း အဆင့်မြင့်ကျွမ်းကျင်ပညာရှင်၊ အဆီဌာနခွဲဥက္ကဌ ဝမ်ရွှေယွမ်က ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ ဆန်စပါးထွက်ဆီ ထုတ်လုပ်မှု တန်ချိန်မှာ ၅ သိန်းခန့်ရှိပြီး ၂၀၂၀ ခုနှစ်တွင် တန်ချိန် ၇ သိန်းကျော်အထိ ရောက်ရှိမည်ဟု မျှော်မှန်းထားကြောင်း ပြောကြား ခဲ့သည်။

**Source:** https://www.facebook.com/shweliayarnews/

## Thura News Views

**Embassy quashes rumors of Korean exodus**

The Embassy of the Republic of Korea has officially denied rumors of a mass exodus of Korean businesses from Myanmar. The embassy issued a statement that emphasized South Korea's commitment to investing in Myanmar. It also claimed that it had not heard of any Korean businesses abandoning Myanmar for Bangladesh.

In recent weeks various Bangladeshi media reported that around 100 Korean businesses would relocate from Myanmar to its western neighbor. The reports appear to have heard that claim from the Bangladesh Economic Zone Authority. The rumors were swiftly dismissed by Myanmar Investment Commission secre-tary U Thant Sin Lwin, who told the Myanmar Times that "there are no cases at all of South Korean investors returning MIC permits and moving out of Myan-mar."

The statement by the Korean embassy affirmed Thant Sin Lwin's comments, adding that, indeed, inquiries from prospective South Korean investors has been on the rise. South Korea has long been one of Myanmar's chief trade partners. The country has invested USD 3.9 billion in Myanmar, according to official data. The largest Korean-backed industries include oil and gas and manufacturing.

Investment from Korea's public sector is also on the rise. In September, during a visit to Myanmar by South Korean President Moon Jae-in, the two countries signed an agreement for a financing framework valuing USD 1 billion. That loan will finance a wide range of infrastructure projects.

**Filipino giant to partner with Myanmar tycoon**

A major Filipino corporation will invest USD 238 million into two companies owned by Serge Pun, one of Myanmar's tycoons. The investment will bring the combined value of those companies to more than USD 1 billion, according to the Financial Times.

The investment comes from the Philippines-based Ayala Corporation. The family -owned business took in USD 5.9 billion in revenue last year, mainly in telecoms, banking and real estate.

With this new investment, Ayala will own 20 percent of Serge Pun's primary two companies: Singapore-listed Yoma Strategic Holdings and Yangon-listed First Myanmar Investment (FMI). These two companies are involved in a wide variety of industries, from food and beverage, to agriculture, to property development. They have invested heavily in products and services targeted towards Myan-mar's middle class, which they expect to grow as Myanmar develops.

Over the years, Pun has earned the nickname "Mr. Clean" for keeping his enterprises largely above board and him-self off international sanctions lists during Myanmar's military era. Today, Pun's companies still hold a reputation for international-standard products and services, although some businesses, particularly an airline, have shuttered.

Speaking to the Financial Times, Yoma Strategic CEO (and Serge Pun's son) Melvyn Pun said: "[Ayala's] reputation is pristine…That's why this partnership made a lot of sense: we value our reputation very highly."

**DHL opens new Yangon warehouse**

Global logistics and shipping giant DHL Supply Chain will ramp up its Myanmar presence with its first warehouse in Myanmar. DHL has invested MMK 1.58 billion into the multi-use site, which is located in the Dagon Seikkan Indus-trial Zone in Yangon. It will employ around 200 people, according to the Myanmar Times.

"Over the years, we have witnessed tremendous growth in Indo-China including Myanmar, and have scaled our offerings accordingly to meet our customers' needs. Today, our customers can count on us to provide a full suite of integrated end-to-end supply chain solutions, pegged to the highest global standards of excellence," the company said in a statement.

DHL began operating in Myanmar in 1982, under the country's economically-isolated socialist regime. Today, DHL claims to be the only totally foreign-owned logistics company officially registered in Myanmar. Indeed, DHL has often been the face of legal shipping and supply chain operations in an economy that relies on bribes, smuggling or informal channels for much of its commerce. Myanmar's notoriously underdeveloped ports and roadways, com-bined with impenetrable bureaucracy and red tape, have in the past made legitimate shipping all but impossible for many products.

Yet in recent years, legitimate online retailers have made inroads in Myanmar. One success story is shopping web-site Shop.com.mm, owned by the Alibaba Group, which has begun delivering products with relatively fast and relia-ble shipping. DHL's Myanmar expansion could be another sign that good things are ahead for Myanmar logistics.

**Tycoon will continue paying dividends to investors despite slump**

A company owned by one of Myanmar's richest men will continue to pay high dividends to investors despite sink-ing profits.

U Khin Shwe, chairman of the National Development Company Group, made the announcement at the company's annual shareholder meeting. He claimed that National Development had enough financial reserves to continue paying 12 percent dividends to investors, the Myanmar Times reported. The company will also not conduct mass layoffs, the chairman insisted. Indeed, he said the company planned to increase payouts to 20 percent at an unde-fined point in the future.

The announcement came amid a serious downturn for National Development, which mainly deals in high profile property development projects. According to data obtained from the company's financial report by the Myanmar Times, the profits were down 14 percent this fiscal year, dropping from MMK 649 million to MMK 551 million. However, the company still has MMK 333 million in cash reserves and total assets of MMK 8.6 billion.

U Khin Shwe is a former United Solidarity and Development Party lawmaker and one of Myanmar's richest people. He made a reputation in luxury property development, but his ties to the military kept him placed on the US Spe-cially Designated National list until 2016. Today, he also owns the Zaykabar group of companies. He runs several charities and maintains a philanthropic image, however he has also been met with accusations of intimidating local communities out of their land to make room for his projects.

"I could personally even give out a rate of return of 15 percent, not 12 percent," the Myanmar Times quoted him as saying. "We will be making more investments in the future. So, this is why we are paying the shareholders. They need to have money in their hands when we make future investments."

**Source: Thura Swiss News (Issue 391 November 14, 2019)**

# STOCK EXCHANGE (15.11.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 15th Nov. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 12,000 | 12,000 | 11,500 | 974 | 11,519,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | +0 | +0.00% | 3,850 | 3,900 | 3,850 | 4,466 | 17,197,400 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 66 | 541,200 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | -500 | -2.17% | 23,000 | 23,000 | 22,500 | 590 | 13,532,500 | 2,472,053 | 55,621 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 60 | 180,000 | 12,823,224 | 38,470 |

## Market summary

As of 15th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 469.58 | -0.90 | -0.19% | 478.96 | 480.38 | 469.58 | 6,156 | 42,970,600 | 5 | 643,000 |

### Index chart




# Market Overview

As of 1:00 pm, 15th Nov. 2019

| MYANPIX | 469.58 ▼ 0.90 |
|---|---|
| Total Volume (shares) | 6,156 |
| Total Value (MMK) | 43 mil |
| Listed Company | 5 |
| Market Cap. (MMK) | 643,000 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,900 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 3,000 | ▲ 0 |